တရားမပုံစံအမှတ် ၉၄

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

______ညောင်ဦးခရိုင်______တရားရုံးတော်

၂၀၂၃ ခုနှစ်၊ ဓာရီမှုအမှတ် ၂၂

| | | |
|---|---|---|
| ရိုးမဘဏ်လီမိတက်(ရုံးချုပ်)(၎င်း၏ကိုယ်စား ကျောက်ပန်းတောင်းဘဏ်ခွဲမန်နေဂျာ ဒေါ်ချိုချိုမြိုင်) | နှင့် | ၁။ ဦးမျိုးမြင့်ဌေး<br>၂။ ဒေါ်ခင်ခင်ညွန့် |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

______ညောင်ဦးခရိုင်______တရားရုံးတော်၊ တရားမကြီးမှုအမှတ်____၃၄/၂၀၂၀____အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၄ ခုနှစ်၊ မတ် လ၊ ၁၃ ရက်၊နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင် သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

## လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက် အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည် မဟုတ်ပါ။တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချ မည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်း မှ သာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည်၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက်ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့ သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေ အကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၂၉ ရက်နေ့တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်း ချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

တံဆိပ်

ညောင်ဦးခရိုင်တရားရုံး

(သိတာနွယ်)
ခရိုင်တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး

**ပစ္စည်းစာရင်း**

မန္တလေးတိုင်းဒေသကြီး ၊ ညောင်ဦးခရိုင် ၊ ကျောက်ပန်းတောင်းမြို့ ၊ သုခမိန်လမ်း ၊ လွတ်လပ်ရေးရပ် အတွင်းရှိ ၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၂၀၇၈(ခ) ၊ အုတ်ရှစ်ကုန်းအနောက် ၊ ဦးပိုင်အမှတ်-၅၁ ၊ မြေကွက် အမှတ် ၂၆၂ ၊ မြေဧရိယာ (၀.၀၅၅)ကေရှိ နှစ်(၃၀)ဂရန်မြေ ၊ ဦးမျိုးမြင့်ဌေးနှင့်ဒေါ်ခင်ခင်ညွန့် အမည်ပေါက် မြေကွက် နှင့် ယင်းအာမခံမြေကွက်ပေါ်ရှိ နံကပ်နှစ်ထပ်တိုက်အဆောက်အဦး နှင့် မီးဖိုဆောင်တစ်ထပ်တိုက် အဆောက်အဦး။

| | | |
|---|---|---|
| အရောင်းကြော်ငြာစာ ပြန်သွင်းမည့်နေ့ | - | ၁၃.၂.၂၀၂၄ |
| ရောင်းချမည့်နေ့ | - | ၁၃.၃.၂၀၂၄ |
| လေလံကြမ်းခင်းဈေး | - | ကျပ်သိန်း(၁၃၀၀) |